# ဆွစ်ဇာလန်နိုင်ငံရောက် မဲဆန္ဒရှင်မြန်မာနိုင်ငံသားများထံ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အထွေထွေရွေးကောက်ပွဲအား ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။ သို့ပါ၍ ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲများ ပေးအပ်နိုင်ရေးအတွက် ကြိုတင်ဆန္ဒမဲ ပေးအပ်ရာတွင် ဖြည့်သွင်းရမည့်ပုံစံ (ပုံစံ ၁၅)အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website ဖြစ်သည့် www.uec.gov.mm တွင် လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website ဖြစ်သည့် www.mofa.gov.mm နှင့် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့၏ Website ဖြစ်သည့် www.myanmargeneva.org တို့တွင် လည်းကောင်း ၃-၇-၂၀၂၀ ရက်နေ့မှ စတင်၍ Download ရယူနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၂။ မဲဆန္ဒရှင်များအနေဖြင့် ကြိုတင်ဆန္ဒမဲ ပေးအပ်ရာတွင် ဖြည့်သွင်းရမည့်ပုံစံ (ပုံစံ ၁၅) ပါ အချက်အလက်များအား ဖြည့်သွင်းပြီး ဂျီနီဗာမြို့၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး (Permanent Mission of the Republic of the Union of Myanmar, 47 Avenue Blanc, 1202 Geneva) သို့လည်းကောင်း၊ အဖွဲ့ရုံးအီးမေးလ်ဖြစ်သည့် mission@myanmargeneva.org သို့လည်းကောင်း၊ ၁၆-၇-၂၀၂၀ ရက်နေ့မှ ၅-၈-၂၀၂၀ ရက်နေ့အတွင်း ပြန်လည်ပေးပို့ကြပါရန်နှင့် ကြိုတင်ဆန္ဒမဲပေးအပ်မည့် နေ့ရက်၊ အချိန်နှင့် နေရာတို့အား ဆက်လက်အသိပေးသွားမည် ဖြစ်ပါကြောင်း မေတ္တာရပ်ခံ အကြောင်းကြားအပ်ပါသည်။

PERMANENT MISSION OF THE REPUBLIC OF THE UNION OF MYANMAR
064
GENEVA

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊
ဂျီနီဗာမြို့
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃ ရက်

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

-----------မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ------------------သည် ----------------- ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော်/ ကျွန်မအား ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲ ပေးနိုင်ရေးအတွက် ကျွန်တော်/ ကျွန်မနှင့်ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြတောင်းဆို အပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် --------------------------

(၂) တိုင်းရင်းသားလူမျိုး --------------------------

(၃) မှတ်ပုံတင်အမှတ် --------------------------

(၄) မွေးသက္ကရာဇ် (အသက်) --------------------------

(၅) အဘအမည် --------------------------

(၆) အမိအမည် --------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ် (                    )

---------- လမ်း/ကျေးရွာ ---------- ရပ်ကွက်/ကျေးရွာအုပ်စု၊

---------- မြို့နယ်၊ -------------- တိုင်းဒေသကြီး/ပြည်နယ်

(၈) **တောင်းဆိုသူ ယခုရောက်ရှိနေသည့် --------------------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်/ဌာန(ပြည်တွင်း) -----------------

(၉) ***တောင်းဆိုသူ ယခုရောက်ရှိနေသည့်--------------------

ရပ်ကွက်/ကျေးရွာ၊ မြို့နယ်၊ နိုင်ငံ(ပြည်ပ) -----------------

--------------------------------------

**(နိုင်ငံအမည်နှင့်မြို့အမည်ကို မြန်မာ သို့မဟုတ် အင်္ဂလိပ်အက္ခရာဖြင့်ရေးသွင်းရန်)**

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ -------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ်အတွင်းဖြစ်ရမည်။

** ပြည်တွင်းတွင် ရောက်ရှိနေသည့် တောင်းဆိုသူများသာ ဖြည့်သွင်းရမည်။

*** ပြည်ပတွင် ရောက်ရှိနေသည့် တောင်းဆိုသူများသာ ဖြည့်သွင်းရမည်။